MOQC
MICHIGAN ONCOLOGY QUALITY CONSORTIUM

Blue Cross Blue Shield of Michigan

Nonprofit corporations and independent licensees of the Blue Cross and Blue Shield Association

# ကုသမှုများ

**ခွဲစိတ်မှု**

- သားဥအိမ်ကင်ဆာအများစုအတွက် အဓိက သို့မဟုတ် အကောင်းဆုံး ကုသမှုဖြစ်သည်
- မီးယပ်ကင်ဆာအထူးကုကသာလျှင် အမြဲလုပ်ဆောင်သည်
- ခွဲစိတ်မှုပြုရသည့် ရည်ရွယ်ချက်
  - ကင်ဆာကျိတ်ကို ဖြတ်ထုတ်ရန်
  - ကင်ဆာအဆင့်သတ်မှတ်ရန်
  - အခြားနေရာများသို့ပါ ပျံ့နှံ့နေပြီဖြစ်ပါက ပျံ့နှံ့သွားသည့် နေရာနှင့် အရွယ်အစား
- ခွဲစိတ်မှုကို နည်းလမ်းနှစ်ခုအနက် တစ်ခုခုဖြင့် လုပ်၍ရသည်-
  - ဗိုက်ဖွင့်ခြင်း (ဝမ်းဗိုက်နေရာကို ခပ်ရှည်ရှည်ခွဲဖွင့်ခြင်း)
  - ဝမ်းဗိုက်ခွဲစိတ်ကြည့်ရှုခြင်း/စက်ရုပ်ဖြင့်ခွဲခြင်း (ကင်မရာနှင့် ခွဲစိတ်ကိရိယာပါသည့် ပြွန်ကို ထိုးသွင်းရန်အတွက် သုံးလေးနေရာခန့်ကို ခပ်သေးသေးဖြတ်ဖွင့်ရပါသည်)
- ခွဲထုတ်မှုကို ကင်ဆာဆေးသွင်းကုထုံးမတိုင်မီဖြစ်စေ၊ ကုထုံးခံယူပြီးမှဖြစ်စေ ပြုလုပ်နိုင်သည်

**ပစ်မှတ်ထားကုထုံး**

- ကင်ဆာဆဲလ်၏သီးသန့် သို့မဟုတ် ထူးခြားသည့် အင်္ဂါရပ်ကို ပစ်မှတ်ထားသည့် ဆေးဝါး
- လက်တွေ့ကုသမှုအခြေအနေများတွင်သာ ရရှိနိုင်သည်

**ကိုယ်ခံအားကုထုံး**

- ကိုယ်ခံအားကို မြှင့်တင်ပေးရန် ရည်ရွယ်သည့် ဆေးဝါး
- လက်တွေ့ကုသမှုအခြေအနေများတွင်သာ ရရှိနိုင်သည်

**ဟော်မုန်းကုထုံး**

- ခန္ဓာကိုယ်တွင်း ဟိုမုန်းထုတ်လုပ်မှုဖြစ် စဉ် သို့မဟုတ် ဟိုမုန်း လုပ်ဆောင်ချက်ကို ရပ်တန့်သွားစေသည့် ဆေးဝါး
- သောက်ဆေး သို့မဟုတ် ဆေးပြား
- ယေဘုယျအားဖြင့် ကင်ဆာဆေးသွင်းကုထုံး နှင့်/သို့မဟုတ် ခွဲစိတ်မှု ခံယူပြီးနောက်တွင် ပေးသည်

**ကင်ဆာဆေးသွင်းကုထုံး**

- ကင်ဆာဆဲလ်ကို သတ်ပစ်ရန် ရည်ရွယ်ထုတ်လုပ်ထားသည့် ဓာတုပစ္စည်း
- လမ်းကြောင်းများစွာမှတစ်ဆင့် ပေးနိုင်သည် (ဥပမာ- အကြောမှထိုးသွင်းခြင်း၊ သောက်ဆေးပေးခြင်း၊ အခေါင်းပေါက်များထဲသို့ ထည့်ပေးခြင်း)
- ခွဲစိတ်မှုပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ပေးနိုင်သည်
- ကင်ဆာဆဲလ်ကို ကျုံ့သွားအောင် ကြိုးပမ်းရန် စီစဉ်ထားပါက ခွဲစိတ်မှုမတိုင်မီ ကင်ဆာဆေးသွင်းကုထုံးကို ပေးနိုင်သည်။ ၎င်းကို *ခွဲစိတ်မှုအထောက်အကူပြု* ကင်ဆာဆေးသွင်းကုထုံးဟုခေါ်သည်
- ခွဲစိတ်မှုမတိုင်မီ ကင်ဆာဆေးသွင်းပေးသည့် ကုထုံးကို အထောက်အကူပြု ကုထုံးဟူ၍လည်း ခေါ်သည်
- ကုသမှုသည် လူနာအား ပေးရန် သမားတော်က ညွှန်ကြားထားသည့် အတည်ပြုသတ်မှတ်ပြီး ဆေးဝါး (များ) အစီအစဉ်ဖြစ်သည်။ ယေဘုယျအားဖြင့် ကုသမှုကို သွေးကြောမှသွင်း၍ဖြစ်စေ (IV)၊ အပ်ဖြင့် ထိုးသွင်း၍ဖြစ်စေ ပေးကြသည်။ သို့ရာတွင် ဆေးအပေါ်မူတည်၍ အခြားလမ်းကြောင်းမှ ပေးခြင်းကိုလည်း လက်ခံနိုင်ပါသည်
- စက်ဝန်းဆိုသည်မှာ ဆေးဝါး သို့မဟုတ် ဆေးဝါးအတွဲများကို ဆေးပတ်လည်အောင် ပေးသည့် အကြိမ်အရေအတွက်ဖြစ်သည်။ ဥပမာ လူနာသည် ကင်ဆာဆေးသွင်းကုထုံးကို ဆေးပတ် #2 ပတ်မှ 6 ပတ်အထိ ခံယူရပါမည်
- ကုသမှုဆေးပတ်သည် ၎င်းတို့၏ကင်ဆာဆေးသွင်းကုထုံးကြာချိန်ဖြစ်ပါသည် ဆေးပတ်ကို ရက်သတ္တပတ်ဖြင့်ဖြစ်စေ၊ လဖြင့်ဖြစ်စေ၊ ဆေးပတ်ဖြင့်ဖြစ်စေဖော်ပြပါသည်။ ဥပမာ- လူနာသည် A မှ B ရက်သတ္တပတ်အထိကာလအတောအတွင်းတွင် X ဆေး 4 ပတ်၊ Y ဆေး 4 ပတ်ကို ဆေးပတ်လည်သည်အထိ ခံယူရပါမည်

**ဓာတ်ရောင်ခြည်ကုထုံး**

- ကင်ဆာဆဲလ်များကို ဓာတ်မှန် သို့မဟုတ် အခြားစွမ်းအင်တစ်မျိုးမျိုးဖြင့် သတ်ခြင်းဖြစ်သည်
- သားဥအိမ်ကင်ဆာကုသရာတွင် သုံးလေ့သုံးထမရှိပါ
- ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ (ဥပမာ- ဦးနှောက်) အထိ ကင်ဆာပျံ့သွားပါက ရောဂါလက္ခဏာများကို စီမံခန့်ခွဲရာတွင် သုံးနိုင်ပါသည်